## 1. ရည်ရွယ်ချက် လုပ်ဆောင်မှု အကျဉ်းချုပ်

ကိုးရီးယား တက္ကသိုလ်ပညာရေးကောင်စီ((Korean Council for University Education,KCUE) သည် တောင်ကိုးရီးယား အစိုးရ၏ မူဝါဒအသစ်အရ အာဆီယံ ပါမောက္ခ ဖိတ်ကြားမှု ပညာသင်ဆုစီမံကိန်း **HEAT(Higher Education for ASEAN Talents)**ကို စတင်ခဲ့သည်။ ဤ ပညာသင်ဆု အစီအစဉ်သည် ကိုးရီးယား - အာဆီယံ ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ (ASEAN-Korea Cooperation Fund)မှ တစ်ဆင့် ပြုလုပ်သော အစီအစဉ် ဖြစ်ပြီး၊ ကိုးရီးယား ပညာရေးဝန်ကြီးဌါန၊ နိုင်ငံခြားရေး ဝန်ကြီးဌါန ၊ အာဆီယံ ပညာရေး ဝန်ကြီးဌါန၊ အာဆီယံ အထွေထွေအတွင်းရေးမှူးရုံးတို့နှင့် ပူးပေါင်း၍ ဆောင်ရွက်သည်။

ဤစီမံကိန်း၏ ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံ တက္ကသိုလ်မှ ပါမောက္ခများ၏ ကိုးရီးယား တက္ကသိုလ်တွင် Ph.D တန်း အစီအစဉ်များကို ထောက်ပံ့ခြင်းဖြင့် ပညာသင်ဆုမှ တစ်ဆင့် နှစ်နိုင်ငံရှိ တက္ကသိုလ်များအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဖြစ်သည်။ ထို့အပြင် ၄င်းသည် အဆင့်မြင့် ပညာရေးအတွက် အပြန်အလှန် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုကို ဖန်တီးရန်နှင့် ကိုးရီးယားနှင့် အာဆီယံနိုင်ငံများ၏ အဆင့်မြင့် ပညာရေး အရည်အသွေးကို တိုးတက်စေရန် ရည်ရွယ်သည်။

ကိုးရီးယားတက္ကသိုလ် ပညာရေးကောင်စီ(KCUE)သည် ဥပဒေကို အခြေခံ၍ တည်ထောင်ခဲ့သော လေးနှစ်တက္ကသိုလ် အတိုင်ပင်ခံ ကောင်စီဖြစ်သည်။ KCUEသည် ကိုးရီးယား တက္ကသိုလ်၏ ဝင်ခွင့်စာမေးပွဲ၊ အကဲဖြတ်ခြင်းနှင့် သတင်းအချက်အလက် ထုတ်ဖော်ကြေငြာခြင်း အလုပ်ကို တာဝန်ခံ လုပ်ဆောင်သည်။ တက္ကသိုလ်၏ ကိုယ်ပိုင်လုပ်ဆောင်ခွင့် တာဝန်ခံမှုကို တိုးချဲ့ခြင်းဖြင့် တက္ကသိုလ် ပညာရေး၏ ကျန်းမာ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ဖြစ်သည်။ အထူးသဖြင့် ကိုးရီးယား အဆင့်မြင့်ပညာရေး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏ ဦးဆောင်နေသော အဖွဲ့အစည်း အနေဖြင့် Campus Asia , AIMS ,University Accreditation, KARIC စသည်တို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက် ရှိသည်။

## 2. စီမံကိန်း အကျဉ်းချုပ်

### ▣ လုပ်ငန်းအကြောင်းအရာ

**1) ပညာသင်ဆု ကျောင်းသားများကို ကြေငြာခြင်းနှင့် ရွေးချယ်ခြင်း**

- ပညာသင်ဆု ကျောင်းသားများ - အာဆီယံ 10နိုင်ငံတွင် မဟာဘွဲ့ရှိသော တက္ကသိုလ်မှ ပါမောက္ခ အယောက် 30ကို နှစ်စဉ် ရွေးချယ်ခြင်း။

**2) ပါရဂူဘွဲ့(3နှစ်) ပညာသင်ဆုနှင့် နေထိုင်စရိတ် ထောက်ပံ့ခြင်း စသည်**

**3) အခြား**

- ပညာသင်ဆု ကျောင်းသားများ၏ အမိ တက္ကသိုလ်နှင့် သင်ယူလိုသော တက္ကသိုလ် ကြား ဘွဲ့ကြိုကျောင်းသားများနှင့် ကာလတို ပညာရေးဖလှယ်မှု အစီအစဉ်များ ထောက်ပံ့ပေးခြင်း။
- အာဆီယံပါမောက္ခ ဖိတ်ကြားမှု ပညာသင်ဆုစီမံကိန်း HEAT(Higher Education for ASEAN Talents) ၊ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ။

▣ **စီမံကိန်း ကာလ**

2020 ~ 2025 (3**နှစ်တာ ရွေးချယ်ထားသော ပညာသင်ဆုရ ကျောင်းသား၏** 3**နှစ် သင်တန်း ပြီးဆုံးချိန်**)

ဤ စီမံကိန်းသည် ရေ့ပြေးစီမံကိန်းအဖြစ် လုပ်ဆောင်နေပြီး အနာဂတ်တွင်လည်း ရွေးချယ်ထားသော ဝန်ထမ်းအရေအတွက်ကို ဆက်လက်တိုးချဲ့နိုင်သည်။

**3.ပညာသင်ဆု အရည်အချင်းများ**

- အာဆီယံ နိုင်ငံသား၊ မိမိနိုင်ငံ၏ တက္ကသိုလ်တွင် အချိန်ပြည့်ပါမောက္ခအဖြစ် လက်ရှိလုပ်ဆောင်နေသူ။
- အသက် 45နှစ်အောက်ရှိသူ ၊ နောက်ဆုံးပြီးထားသည့် အတန်းပညာသည် မဟာဘွဲ့နှင့် မဟာဘွဲ့နှင့် တန်းတူ အတန်းရှိသူ။
- အာဆီယံ နိုင်ငံသား ကဒ်ကို ကိုင်ဆောင်သူ ဖြစ်ရမည်။အမိနိုင်ငံ တက္ကသိုလ်တွင် (4နှစ်မြောက် ) တာဝန်ထမ်းဆောင်နေဆဲ ရှိသူ။
- လျှောက်ထားသည့်ချိန်တွင် နောက်ဆုံးပြီးထားသည့် အတန်းပညာသည် မဟာဘွဲ့နှင့် မဟာဘွဲ့နှင့် တန်းတူ ပညာရေးနှင့် အထက် ရှိသူ။
- ကိုးရီးယားတွင် ရေရှည် ပညာသင်ကြားနိုင်ရန် စိတ်နှင့်ကိုယ်ခန္ဓာသည် ကျန်းမာသောသူ။
- မိမိတက္ကသိုလ်နှင့် ကျောင်းနားသည့် အစီအစဉ်၊ ပြည်ပတွင် စာပေလေ့လာပြီးနောက် အထောက်အကူဖြစ်မည့် အကြောင်းကို သေချာစွာ ဆွေးနွေးခဲ့သူ။
- ကျောင်းဝင်ခွင့်ရက်( 2020ခုနှစ် 9လပိုင်း 1ရက်နေ့ ) မှစ၍ အသက် 45နှစ်အောက်ရှိသူ။
- သတ်မှတ်ထားသည်ထက် ကိုးရီးယားဘာသာစကား သို့မဟုတ် အင်္ဂလိပ်စာ ကျွမ်းကျင်သူ။

※ ဖိတ်ကြားခံရသည့် ဆရာများ အနေဖြင့် ပြည်ပတွင် စာပေလေ့လာပြီးနောက်ပိုင်း လုပ်ဆောင်မည့် အစီအစဉ်နှင့် ကျောင်းနားမည့် အစီအစဉ် စသည်နှင့် ပက်သတ်၍ မိမိ တက္ကသိုလ်(သို့မဟုတ် ပညာရေးဝန်ကြီးဌါန) နှင့် စေ့စပ်သေချာစွာ ဆွေးနွေးရမည် ။

※ မိမိတက္ကသိုလ်၏ ကျောင်းအုပ်ကြီး၏ တံဆိပ်ပါသည့် ဝန်ထမ်း မှတ်ပုံတင်နှင့် ထောက်ခံအတည်ပြုစာကို မဖြစ်မနေ တင်ပြရမည်။

**4. ပညာသင်ဆု ခံစားခွင့်များ**

- **တက္ကသိုလ် ဝင်ကြေးနှင့် ကျောင်းလခ အပြည့် ၊ တစ်ဦးလျှင်** 3နှစ်တာ 1လကို **$1,100** ထောက်ပံ့ခြင်း။
- လေယာဉ်လက်မှတ်ကြေး ထောက်ပံ့ခြင်း 1ကြိမ်၊ အခြေချကြေး (1ကြိမ် $300)၊ ဘွဲ့ရစာတမ်းပုံနှိပ်ကုန်ကျစရိတ် ( 1ကြိမ် $500)

| အပိုင်း | ဝင်ကြေးနှင့် ကျောင်းလခ | လေယာဉ်လက်မှတ် စရိတ် | အခြေချ ထောက်ပံ့ ကြေး | အသုံးစရိတ် | စာတမ်း ပုံနှိပ်ကုန်ကျ စရိတ်၊ စီစစ်ခ |
|---|---|---|---|---|---|
| ပေး မည့် ပမာ ဏ | အပြည့် | ကုန်ကျငွေ(1ကြိမ်) | $300 | $1,100 (နှစ်တစ်ဝက်ကို $6,600) | ကုန်ကျငွေ (1ကြိမ်) |

## 5. ပညာသင်ဆု ကျောင်းသားများကို ရွေးချယ်ခြင်း

▣ လျှောက်ထားနိုင်သော တက္ကသိုလ်များ - Kangwon တက္ကသိုလ်၊Kyunghee တက္ကသိုလ်၊ကိုလျော တက္ကသိုလ်၊Ewha အမျိုးသမီးတက္ကသိုလ်၊ Jeonbuk တက္ကသိုလ်၊ Chung-Ang တက္ကသိုလ်( အင်္ဂလိပ် သို့မဟုတ် ကိုးရီးယားဘာသာ ဖြင့် သင်ကြားပို့ချမည်)

※ မေဂျာအပိုင်း - ကိုးရီးယားတက္ကသိုလ်ပညာရေးကောင်စီ ဝက်ဘ်ဆိုဒ် http://english.kcue.or.kr HEAT program Guidelines တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

| အပိုင်း | ရွေးချယ်မည့် လူဦးရေ | ကြေငြာချိန် | အောင်စာရင်း | ကျောင်းတက်ချိန် | ဘွဲ့ရချိန် |
|---|---|---|---|---|---|
| **2020-1** | **11** | 2020 . 3လပိုင်း | 2020 .6 လပိုင်း | 2020 .9 လပိုင်း | 2023 .8 လပိုင်း |
| **2020-2** | **19** | 2020. 7 လပိုင်း | 2020 .12 လပိုင်း | 2021 .3 လပိုင်း | 2024. 2 လပိုင်း |
| **2021** | **30** | 2021. 2 လပိုင်း | 2021 .6 လပိုင်း | 2021 .9 လပိုင်း | 2024 .8 လပိုင်း |
| **2022** | **30** | 2022 . 2 လပိုင်း | 2021 . 6 လပိုင်း | 2022 .9 လပိုင်း | 2025 .8 လပိုင်း |

▣ ပညာသင်ဆု ကျောင်းသားများ ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ

**ပညာရေးစွမ်းရည်ကို တိုးမြှင့်ခြင်းနှင့် ကျောင်းထွက်ခြင်းကို ကာကွယ်ခြင်း**

- ပြည်ပစာသင်ယူ လေ့လာပြီးနောက် လုပ်ဆောင်မည့်အစီအစဉ်နှင့် အလုပ်ရပ်နားခြင်း အစီအစဉ်တို့ကို ဆွေးနွေးပြီးနောက် ကျောင်းအုပ်ကြီးတံဆိပ်ပါ ထောက်ခံအတည်ပြုစာ တင်ရမည်။

- လေ့လာသင်ကြားလိုသော တက္ကသိုလ်ကို ကိုယ်တိုင်ရွေးချယ်၍ လျှောက်ရမည်။

**အာဆီယံနိုင်ငံအလိုက် တောင်းဆိုချက်ကို တုန့်ပြန်ပေးခြင်း**

- နောက်ဆုံး ရွေးချယ်ခံရသူ အရေအတွက် သတ်မှတ်သည့်အခါ အာဆီယံ တောင်းဆိုချက် အခြေအနေပေါ် လိုက်၍ ပညာရေးပိုင်းနယ်ပယ်ကို တုန့်ပြန်ပေးခြင်း။
- ကိုးရီးယား-အာဆီယံ တက္ကသိုလ်များအကြား လဲလှယ်တိုးချဲ့နိုင်သည့် တက္ကသိုလ်၏ လျှောက်ထားသူကို ပို၍ စဉ်းစား ရွေးချယ်ခြင်း။

※ ကိုးရီးယားတက္ကသိုလ်ပညာရေးကောင်စီ ဝက်ဘ်ဆိုဒ် http://english.kcue.or.kr HEAT program Guidelines တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။